# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၃၀ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် )

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံတကာဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများအရ ထိခိုက်ကျဆင်းခဲ့ရသည့် နိုင်ငံတော်၏စီးပွားရေးမြှင့်တင်နိုင်ရန်အတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်၍ ဆောင်ရွက်သွားရန် **"နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှု ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏လမ်းညွှန်မှုနှင့်အညီ လျင်မြန်စွာ အကျိုးရလဒ် (Quick Win) ရရှိနိုင်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သော မတည်ရင်းနှီးငွေများ ရရှိနိုင်စေရန် စီမံဆောင်ရွက်ပေးခြင်း၊

(ခ) တာဝန်ယူဆောင်ရွက်မည့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အရင်းမပျောက်မတည်ငွေ ထုတ်ပေးခြင်း၊ ထောက်ပံ့ငွေပေးခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရန်ပုံငွေသို့ ထပ်မံထည့်ဝင်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ခွင့်ပြုသော စီးပွားရေးအားပေးမြှင့်တင်နိုင်မည့် လုပ်ငန်းများသို့ ရန်ပုံငွေမှ တိုက်ရိုက်ထုတ်ချေးခြင်း၊

(င) ရန်ပုံငွေများကို ရန်ပုံငွေဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စနစ်တကျသုံးစွဲခြင်းရှိ/ မရှိ စိစစ်ကြီးကြပ်ခြင်း၊

(စ) ရန်ပုံငွေရရှိသုံးစွဲမှုစာရင်းများနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများပါ သုံးသပ်အကြံပြုချက်များအပေါ် လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိ စိစစ်ကြီးကြပ်ခြင်း၊

(ဆ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ ခြောက်လလျှင်တစ်ကြိမ် တင်ပြအစီရင်ခံခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၇ - ၉ - ၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆၂ / ၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ